# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၀၁

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၆၈ တွင် ချမှတ်သော ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု

| | | |
|---|---|---|
| ဦးကျင်စိန် | နှင့် | ဒေါ်ဖာတမာဘီဘီ<br>(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ<br>လွှတ်မန်းမာရက်(ခ)ဦးရွှေသိန်း |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုအတွက် – ဦးလှစိန်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးမောင်ဖေတင် ၊ တရားလွှတ်တော်ရှေ့နေ

## စီ ရင် ချက်

**၂၀၁၈ ခုနှစ်၊ ဇွန်လ ရက်**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ် ၊ တရားမကြီးမှုအမှတ် ၈၅ တွင် တရားလို ဒေါ်ဖာတမာဘီဘီ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ လွှတ်မန်းမာရက် (ခ) ဦးရွှေသိန်း) က တရားပြိုင် ဦးကျင်စိန်အပေါ် စာရင်းရှင်းလင်းဖျက်သိမ်းပြီး တရားလိုရသင့်ရထိုက်သော ဝေစုများရလိုမှု စွဲဆိုရာ တရားလို၏ခင်ပွန်းနှင့် တရားပြိုင်တို့လုပ်ကိုင်ခဲ့သည့် စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို တရားလို၏ခင်ပွန်း အစုဝင် ဦးအဗ္ဗဒူရာမန်သေဆုံးသည့် ၃၁-၁၂-၂၀၀၉ ရက်နေ့မှစ၍ ဖျက်သိမ်းကြောင်းနှင့် တရားလိုသည် ဝေစုနှစ်ပုံတစ်ပုံ ရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်သည်။ ယင်းဒီကရီကို ဦးကျင်စိန်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၆၈ ဖြင့် အယူခံမှုတင်သွင်းလျှောက်ထားရာအောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ဤအယူခံမှုကိုတင်သွင်းသည်။

အဆိုလွှာတွင် တရားလို၏ခင်ပွန်း ဦးအဗ္ဗဒူရာမန်(ခ)ဦးမွန်နားနှင့် တရားပြိုင်ဦးကျင်စိန်တို့သည် လသာမြို့နယ်၊ အမှတ် ၈ ရပ်ကွက်၊ ကျုံးကြီးလမ်း၊ အမှတ် ၉/၂၃ (မြေညီထပ်)၊ အခန်းအမှတ် ၁၀၃/ဘီ ဆိုင်ခန်းကို ဝယ်ယူပြီး စက်ပစ္စည်းအရောင်းဆိုင်ဖွင့်လှစ်၍ ၁-၇-၁၉၉၇ နေ့မှစ၍ နှစ်ဦးအကျိုးတူအစုစပ်လုပ်ငန်းလုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်အထိ လုပ်ကိုင်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် တရားပြိုင်တစ်ဦးတည်းလုပ်ကိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဆိုင်ခန်းကို ကာလတန်ဖိုး သတ်မှတ်ပြီး အခန်းတန်ဖိုးငွေ၏တစ်ဝက်နှင့်ညီမျှ

သော ငွေကို ဦးကျောင်စိန်မှ ဦးအဗ္ဗဒူရာမန်သို့ ပေးအပ်ရာ ဆိုင်ခန်းကို တရားပြိုင်တစ်ဦးတည်း ပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဦးအဗ္ဗဒူရာမန် ကွယ်လွန်ပြီးနောက် တရားဝင်ဇနီးဖြစ်သူ ဒေါ်ဖာတမာဘီဘီ နှင့် ဦးကျောင်စိန်တို့ လုပ်ငန်းစာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရေးအတွက် လူမှုရေးအရ ခေါ်ယူညှိနှိုင်းဆွေးနွေးပေးပါရန် တင်ပြလျှောက်ထားခြင်းစာကို ၆-၁၂-၂၀၁၀ ရက်စွဲဖြင့် လသာမြို့နယ်၊ အမှတ် (၈)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ တရားပြိုင်က တင်ပြလျှောက်ထားခဲ့ကြောင်း၊ ရယကရုံးတွင် ၂၃-၁၂-၂၀၁၀ နေ့နှင့် နောက်ပိုင်းရက်များတွင် တရားလို၏ကိုယ်စား ဦးရွှေသိန်းနှင့် တရားပြိုင်တို့ နှစ်ဦးနှစ်ဖက်စာရင်းဇယားများ အပြန်အလှန်တင်ပြညှိနှိုင်းကြကြောင်း၊ တရားလိုသို့ ပေးရမည့်ငွေအနက် ကျပ်သိန်း ၁၃၀၀ ပေးအပ်လျှင် ကျေနပ်မည်ဟု ပြောဆိုကမ်းလှမ်းခြင်းကို တရားပြိုင်က လက်မခံသဖြင့် ညှိနှိုင်းမှုကို ရပ်ဆိုင်းခဲ့ကြောင်း၊ တရားပြိုင် တွက်ချက်တင်ပြသော စာရင်းများအရ ၁-၇-၁၉၉၇ မှ ၃၁-၃-၂၀၁၁ အထိ စုစုပေါင်းငွေ ၂၉၈၀၄၉၆၇၂ ကျပ်ကို တရားလိုနှင့်တရားပြိုင် အညီအမျှခွဲဝေယူရမည်ဖြစ်ကြောင်း၊ တရားလို၏ ခင်ပွန်းနှင့် တရားပြိုင်တို့ နှစ်ဦးစပ်တူဖွင့်လှစ်ရောင်းချခဲ့သော လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းစေသည့် ပဏာမဒီကရီချမှတ်ပေးရန်နှင့် တရားလိုရသင့်ရထိုက်သောငွေများကို ကော်မရှင်နာခန့်ထားစာရင်း ကောက်ယူပြီး အပြီးသတ် ခွဲဝေပေးစေသည့် ဒီကရီချမှတ်ပေးရန် အဆိုပြုသည်။

ချေလွှာတွင်လုပ်ငန်းကိုတရားပြိုင်တစ်ဦးတည်းသာလုပ်ကိုင်ခဲ့ပြီး တရားလို၏ခင်ပွန်းဦးအဗ္ဗဒူရာမန် (ခ)ဦးမွန်နားမှာ အမည်ခံသာဖြစ်ကြောင်း၊ ရယကဥက္ကဋ္ဌထံ ၁၈-၁-၂၀၁၁ နေ့တွင် နှစ်ဖက်တင်ပြသော စာရင်းဇယားများနှင့်စပ်လျဉ်း၍ ညှိနှိုင်းကြရာ စာရင်းအချို့မှားယွင်းနေ၍ စာရင်းစစ်အဖွဲ့ရေးဆွဲပေးသော ၁၉၉၇ မှ ၂၀၀၈ ခုနှစ်အထိ ၁၁ နှစ်တာ ကာလအတွက် စာရင်းများကို ထပ်မံတင်ပြခဲ့ကြောင်း၊ တရားပြိုင်မှ တရားလိုသို့ ကျပ်သိန်း ၁၃၀၀ ပေးရန်မလိုသဖြင့် ညှိနှိုင်းမှုကို လက်မခံခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်မတိုင်မီကတည်းက ဦးအဗ္ဗဒူရာမန်နှင့် ငွေကြေးကိစ္စအဝဝ ရှင်းလင်းခဲ့ပြီး ဦးအဗ္ဗဒူရာမန်ကျန်ရှိခဲ့သည့် စက်ပစ္စည်းများကို တရားပြိုင်၏ ဆိုင်တွင် ဆက်လက်ထားရှိနေမှုကြောင့် စက်ပစ္စည်းများလာရောက်ယူရန်အတွက် ၆-၁၂-၂၀၁၀ ရက်နေ့တွင် သက်ဆိုင်ရာ ရယကထံ အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုလွှာတွင် ဖော်ပြချက်အရ ၁၉၉၇ ခုနှစ်မှစတင်၍ ငွေမရရှိသည့်အပေါ် ယခုအချိန်မှ တရားစွဲဆိုလာခြင်းမှာ ကာလစည်းကမ်းသတ်ကျော်လွန်လျက်ရှိကြောင်း၊ တရားလို၏ခင်ပွန်းနှင့် တရားပြိုင်တို့မှာ ငွေကြေးကိစ္စအပြေအလည် ဖြေရှင်းပြီးဖြစ်ကြောင်း၊ အစုစပ်လုပ်ငန်းနှင့်ပတ်သက်၍ မည်သည့်အခါကမျှ မှတ်ပုံတင်ခဲ့ခြင်းမရှိ၍ အကျိုးအမြတ်ကိုလည်း တောင်းဆို ပိုင်ခွင့်မရှိကြောင်း၊ အစုစပ်လုပ်ငန်းကို နှစ်ဦးသဘောတူဖျက်သိမ်းပြီးဖြစ်၍ တရားစွဲဆိုရန် အကြောင်းမပေါ် ပေါက်ကြောင်း ချေပသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက ငြင်းချက် ၄ ရပ်ထုတ်ပြီး ပဏာမငြင်းချက်အမှတ် ၂ နှင့် စပ်လျဉ်း၍ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်သည်မှာ မှန်ကြောင်း ဖြေဆိုဆုံးဖြတ်သည်။ ကျန်ငြင်းချက်များနှင့်စပ်လျဉ်း၍ နှစ်ဖက်သက်သေခံချက်များရယူပြီးနောက် ယခုအမှုကို တရားစွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်မှာ မမှန်ကြောင်း၊ တရားလို၏ခင်ပွန်းနှင့် တရားပြိုင်တို့သည် ၁-၇-၁၉၉၇ ခုနှစ်မှစ၍ လုပ်ကိုင်ခဲ့သော စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လိုအပ်သည်မှာ မှန်ကြောင်း ၊ တရားလို၏ခင်ပွန်းနှင့်တရားပြိုင်တို့သည် ၁-၇-၁၉၉၇ နေ့မှစ၍ လုပ်ကိုင်ခဲ့သည့် စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို တရားလို၏ခင်ပွန်းအစုဝင် ဦးအဗ္ဗဒူရာမန် သေဆုံးသည့် ၃၀-၁၂-၂၀၀၉ နေ့မှစ၍ ဖျက်သိမ်းကြောင်းနှင့် တရားလိုသည် ဝေစု ၂ ပုံ ၁ ပုံကို ရထိုက်ခွင့်ရှိကြောင်း ဖြေဆိုဆုံးဖြတ်ကာ ပဏာမဒီကရီချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးအမှုတွဲပါ နှစ်ဖက်သက်သေခံချက်များ နှင့် သက်သေခံစာရွက်စာတမ်းများအရ အကျိုးတူလုပ်ငန်းအတွက် စာရင်းရှင်းလင်းရန် ကျန်ရှိနေ၍ ရယကရုံး

တွင် စာရင်းများတင်ပြပြီး ညှိနှိုင်းဖြေရှင်းကြခြင်း၊ စာရင်းစစ်အစီရင်ခံစာရေးဆွဲတင်ပြခြင်းများမှာ အမှုတွင် အငြင်းမပွားထင်ရှားနေသဖြင့် စွဲဆိုမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ လုပ်ငန်းကို စာရင်းရှင်းလင်းဖျက်သိမ်းရန် လိုအပ်ကြောင်း သုံးသပ်ပြီး အယူခံမှုကို ပလပ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက အယူခံအကြောင်းပြချက်များအဖြစ် တရားလိုနှင့်တရားပြိုင်တို့ ပူးပေါင်းလုပ်ကိုင်ခဲ့သော စက်ပစ္စည်းလုပ်ငန်းနှင့်ပတ်သက်၍ သက်သေခံ"ဂ" ၁၇-၁-၂၀၀၈ ရက်စွဲပါ စာချုပ် အပိုဒ် ၆ ပါအချက်အရ ၆-၄-၂၀၀၈ နေ့မှစ၍ စက်ပစ္စည်းအရောင်းအဝယ်လုပ်ငန်းမှာ နှစ်ဦးနှစ်ဖက်ခွဲဝေပြီးဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာရင်းရှင်းလင်းရန် အကြောင်းမပေါ်ပေါက်ကြောင်း၊ ကာလစည်းကမ်းသတ်ရေတွက်မည်ဆိုပါကလည်း ၆-၄-၂၀၀၈ ရက်နေ့ နောက်ပိုင်းရက်မှစတင်၍ ရေတွက်ရမည်ဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း လျှောက်ထားသည်။

အယူခံတရားပြိုင်၏ရှေ့နေက သက်သေခံ "ဂ" ၁၇-၁-၂၀၀၈ ရက်စွဲပါ စာချုပ်အပိုဒ် ၆ အရ စက်ပစ္စည်းများနှင့်ပတ်သက်၍ ၆-၄-၂၀၀၈ ရက်နေ့မှစ၍ တစ်ယောက်တစ်ဝက်စီ ခွဲဝေယူရန် နှစ်ဦးနှစ်ဖက်ဝန်ခံကတိပြုထားသော်လည်း ခွဲဝေပေးခြင်းမရှိကြောင်း၊ တရားလို ဦးကျင်စိန်က ရယကဥက္ကဋ္ဌထံတင်ပြသည့် သက်သေခံ"ဇ" လျှောက်လွှာတွင် တရားပြိုင်ကိုယ်တိုင်၏ လျှောက်ထားချက်အရ လုပ်ငန်းစာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စက်ပစ္စည်းများ ခွဲဝေယူရန်အတွက် ခေါ်ယူဆွေးနွေးညှိနှိုင်းပေးပါရန် လျှောက်ထားတင်ပြ ထားချက်အရ စက်ပစ္စည်းများ ခွဲဝေယူကြရန်ဖြစ်ကြောင်း စာရင်းမရှင်းလင်းရသေးဟု ထင်ရှားပေါ်ပေါက် ကြောင်း၊ မူလရုံး၏ ပဏာမဒီကရီမှာ ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရ လည်းကောင်း မှန်ကန် မှုတပါသဖြင့် တရားရုံးအဆင့်ဆင့်ဒီကရီကို အတည်ပြုသင့်ကြောင်း လျှောက်ထားသည်။

မူလရုံးအမှုတွဲအား စိစစ်ကြည့်ရာ မူလရုံးတရားလို ဒေါ်ဖာတမာဘီဘီ၏ခင်ပွန်း ဦးအဗ္ဗဒူရာမန် နှင့် မူလရုံးတရားပြိုင် ဦးကျင်စိန်တို့သည် ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၈ ရပ်ကွက် ၊ အမှတ် ၉/၂၃ (မြေညီထပ်)၊ အခန်းအမှတ် ၁၀၃/ဘီ ဆိုင်ခန်းကို ဝယ်ယူပြီး ၁-၇-၁၉၉၇ နေ့မှစ၍ စက်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်၍ နှစ်ဦးအစုစပ်လုပ်ငန်း လုပ်ကိုင်ခဲ့ရာ ၁၉၉၇ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။ ယင်း နောက်ပိုင်းတွင် တရားပြိုင် တစ်ဦးတည်းလုပ်ကိုင်ခဲ့ရာ ၁၇-၁-၂၀၀၈ နေ့စွဲပါ သက်သေခံ"ဂ"စာချုပ် ၊ ၁-၂-၂၀၀၈ နေ့စွဲပါ သက်သေခံ "ဃ" စာချုပ်တို့ ချုပ်ဆို၍ ဆိုင်ခန်း၏ကာလတန်ဖိုးကျပ်သိန်း ၂၂၀၀ ဖြင့် နှစ်ဦး သဘောတူသတ်မှတ်ပြီး မူလရုံးတရားပြိုင်က မူလရုံးတရားလို၏ခင်ပွန်းသို့ ကျပ်သိန်း ၁၁၀၀ ကို ပေးကာ ဆိုင်ခန်းကို မူလရုံးတရားပြိုင် တစ်ဦးတည်းပိုင်ဆိုင်ခဲ့သည်။ ထိုအချက်များမှာ အမှုတွင် အငြင်းမပွားသော အချက်များအဖြစ် ပေါ်ပေါက်သည်။

အမှုတွင် အဓိကအငြင်းပွားနေသည်မှာ မူလရုံးအမှုကို စွဲဆိုရာတွင် ကာလစည်းကမ်းသတ်ကျော် လွန်ခြင်းရှိ မရှိနှင့် လုပ်ငန်းဖျက်သိမ်းစာရင်းရှင်းလင်းပြီးခြင်း ရှိ မရှိဖြစ်သည်။

မူလရုံးတရားပြိုင်က သက်သေခံ "ဂ" စာချုပ်အပိုဒ် ၆ အရ စက်ပစ္စည်းများကို ခွဲဝေပြီးဖြစ် ကြောင်း တင်ပြသည်။ ၁၇-၁-၂၀၀၈ ရက်စွဲပါ သက်သေခံ "ဂ" စာချုပ်အား စိစစ်ရာ မူလရုံးတရားလို၏ခင်ပွန်း နှင့် မူလရုံးတရားပြိုင်တို့သည် နှစ်ဦးအစုစပ်လုပ်ကိုင်သည့် စက်ပစ္စည်းဆိုင် ဖွင့်လှစ်သော ဆိုင်ခန်းတန်ဘိုး၏ တစ်ဝက် ကျပ်သိန်း ၁၁၀၀ ကို မူလရုံးတရားပြိုင်က မူလရုံးတရားလို၏ခင်ပွန်းသို့ ပေးချေ၍ ဆိုင်ခန်းကို တရားပြိုင်တစ်ဦးတည်းပိုင်အဖြစ် ရယူခဲ့ကြောင်း နှင့် သက်သေခံ "ဂ" စာချုပ်အပိုဒ် ၆ တွင် ဖော်ပြထားချက် အရ အဆိုပါ အခန်းအတွင်း၌ရှိသော စက်ပစ္စည်းနှင့်ပတ်သက်၍ ၆-၄-၂၀၀၈ ရက်နေ့မှစတင်ပြီး တစ်ယောက် တစ်ဝက်စီ ခွဲဝေယူကြရန် ဝန်ခံကတိပြုထားကြောင်း တွေ့ရှိရသည်။ ထိုအချက်အရ သုံးသပ်ရလျှင် ခွဲဝေယူ ကြရန် နေ့ရက် သတ်မှတ်ထားခြင်းသာဖြစ်ပြီး သတ်မှတ်ထားသည့် နေ့တွင်လည်းကောင်း၊ ထိုနေ့နောက်ပိုင်း ရက်များတွင်လည်းကောင်း စက်ပစ္စည်းများခွဲဝေယူခဲ့ကြကြောင်း မပေါ်ပေါက်ပေ။

မူလရုံးတရားလို၏ခင်ပွန်း ဦးအဗ္ဗဒူရာမန်သည် ၃၀-၁၂-၂၀၀၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ထို့နောက်ပိုင်းတွင် မူလရုံးတရားပြိုင်သည် ၆-၁၂-၂၀၁၀ ရက်စွဲဖြင့် လုပ်ငန်းစာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရေးအတွက် လူမှုရေးအရ ခေါ်ယူညှိနှိုင်းပေးပါရန်ဟု လသာမြို့နယ်၊ အမှတ် ၈ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဥက္ကဋ္ဌထံ သက်သေခံ "၉" လျှောက်ထားတင်ပြစာဖြင့် လျှောက်ထားခဲ့သည်။ သက်သေခံ"၉" စာတွင် ဆိုင်ခန်းတန်ဖိုး တစ်ဝက်ကို ဦးကျင်စိန်က ဦးအဗ္ဗဒူရာမန်သို့ အမ်းပြီးဖြစ်ကြောင်း၊ ထိုအချိန်က စက်နှင့်စက်ပစ္စည်းများတစ်ဝက်စီ ခွဲဝေယူကြရန် နှစ်ဦးသဘောတူညီကြရန် စာရင်းအတူ ပြုစုထားပြီးဖြစ်ကြောင်း၊ အဆိုပါ စက်နှင့်စက်ပစ္စည်းဆိုင်လုပ်ငန်းစာရင်း ရှင်းလင်းဖျက်သိမ်းနိုင်ရေးအတွက် ဦးအဗ္ဗဒူရာမန်၏ဇနီး မိသားစုနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပေးရန် ဖော်ပြလျှောက်ထားခဲ့သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ တရားပြိုင် ဦးကျင်စိန်၏တင်ပြချက်အရ မူလရုံးတရားလို၏ခင်ပွန်းနှင့် မူလရုံးတရားပြိုင်တို့ စပ်တူလုပ်ကိုင်သည့် လုပ်ငန်းတွင် ဆိုင်ခန်းကိုသာ ခွဲဝေထားပြီး စက်ပစ္စည်းများကို စာရင်းရှင်းလင်း ခွဲဝေမှု မပြုရသေးကြောင်း ထင်ရှားပေါ်ပေါက်သည်။

အစုစပ်လုပ်ငန်းကို ဖျက်သိမ်းရန်နှင့်စာရင်းရှင်းလင်းရန် စွဲဆိုသည့် အမှုဖြစ်လျှင် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင်ကြောင်း၊ **အေခိုရာဆနီ နှင့် စီအရှား ပါ ၅ အမှု** [၁] တွင်လည်းကောင်း၊ ဖျက်သိမ်းပြီးသော အစုစပ်လုပ်ငန်းကို စာရင်းရှင်းလင်းရန် သက်သက်စွဲဆိုသည့် အမှုဖြစ်လျှင် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၀၆ အရ ဖျက်သိမ်းပြီးသည့်နေ့မှ ၃ နှစ်အတွင်း စွဲဆိုရန် ဖြစ်ကြောင်း၊ **တီပီမန်မူတီ နှင့် မသိန်းလှိုင် (ခ) မအဆာရာ အမှု** [၂] တွင်လည်းကောင်း ညွှန်ပြထားသည်။

အစုစပ်လုပ်ငန်းအက်ဥပဒေပုဒ်မ ၄၀ အရ အစုစပ်လုပ်ငန်းကို အစုဝင်အချင်းချင်း သဘောတူညီချက်ဖြင့် ဖျက်သိမ်းနိုင်သည်။ ဤအမှုတွင်တရားလို၏ခင်ပွန်းနှင့် တရားပြိုင်တို့ ချုပ်ဆိုခဲ့သည့် ၁၇-၁-၂၀၀၈ ရက်စွဲပါ သက်သေခံ "၇" စာချုပ်အရ အစုစပ်လုပ်ငန်းကို နှစ်ဦးသဘောတူဖျက်သိမ်းပြီး တိုက်ခန်းကို ဦးစွာခွဲဝေရာရောက်ပေသည်။ တရားလို၏အဆိုပြုချက်နှင့် တရားလိုဘက်သက်သေခံချက်များအရလည်း အစုစပ်လုပ်ငန်းကို ၁၉၉၇ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိသာ လုပ်ကိုင်ခဲ့ကြောင်း တင်ပြထားသည်။ သို့ဖြစ်ရာ တရားလို၏ခင်ပွန်းနှင့် တရားပြိုင်တို့သည် နှစ်ဦးအစုစပ်လုပ်ကိုင်သည့် စက်ပစ္စည်းရောင်းချသည့်လုပ်ငန်းကို ၁၇-၁-၂၀၀၈ ရက်နေ့ တွင် စတင်ဖျက်သိမ်းခဲ့သည်ဟု ကောက်ယူရပေမည်။

မူလရုံးတရားလို၏ခင်ပွန်းနှင့်မူလရုံးတရားပြိုင်တို့သည် ၁၇-၁-၂၀၀၈ ရက်နေ့က လုပ်ငန်းကို စတင်ဖျက်သိမ်းပြီးဖြစ်ကာ ပစ္စည်းများနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းရန် ကျန်ရှိနေခြင်းဖြစ်၍ ဤအမှုသည် ကာလစည်းကမ်းသတ်ဥပဒေပထမဇယား၊ အမှတ်စဉ် ၁၀၆ နှင့် သက်ဆိုင်အကျုံးဝင်သဖြင့် လုပ်ငန်းဖျက်သိမ်းသည့်နေ့ကစ၍ ၃ နှစ်အတွင်း အမှုကို စွဲဆိုရမည်ဖြစ်သည်။

သို့သော် တရားပြိုင်က သက်ဆိုင်ရာ ရယကသို့ တင်ပြလျှောက်ထားသည့် ၆-၁၂-၂၀၁၀ ရက်စွဲပါ သက်သေခံ "၉" တွင် ဖော်ပြထားချက်အရ တရားပြိုင်ကိုယ်တိုင်က တရားလိုသို့ စက်နှင့်စက်ပစ္စည်းများခွဲဝေပေးရန် စာရင်းရှင်းလင်းရန် ဖော်ပြထားရာ တရားလိုရရှိမည့်အခွင့်အရေးနှင့်စပ်လျဉ်းပြီး တရားပြိုင်ကိုယ်တိုင်က တာဝန်ရှိကြောင်း ဝန်ခံကတိပြုသည့် သဘောသက်ရောက်ပေသည်။ ၎င်းအပြင် ထိုသို့ တရားပြိုင်၏ပစ္စည်းခွဲဝေရန် သက်သေခံ"၉" အရ ကမ်းလှမ်းတင်ပြချက်အပေါ် တရားလိုကလည်း သဘောတူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ၂၃-၁၂-၂၀၁၀ နှင့်နောက်ပိုင်းရက်များတွင်စာရင်းထပ်မံညှိနှိုင်းကြကြောင်း ပေါ်ပေါက်သည်။

--------------------------------

(၁) ရန်ကုန်၊ အတွဲ ၆ ၊ စာ ၁၉၈

(၂) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၈၀ (ရုံးချုပ်)

သို့ဖြစ်ရာ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအပိုဒ် ၁၉(၁)အရ ၆-၁၂-၂၀၁၀ ရက်နေ့မှစ၍ စည်းကမ်းသတ်ကာလအပိုင်းအခြားအသစ်ကို စတင်ရေတွက်ရမည်ဖြစ်သည်။ သို့ဖြစ်၍ ၆-၁၂-၂၀၁၀ ရက်နေ့မှစတင်ရေတွက်ပါက မူလတရားမကြီးမှုကို ၇-၆-၂၀၁၁ ရက်နေ့တွင် စွဲဆိုခြင်းသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိပေ။

သို့ဖြစ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ ဒီကရီတို့သည် မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် ဤအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ၃၀၀၀၀ ကျပ် သတ်မှတ်သည်။

( မြဟန် )

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

-------------------------------

(၁) ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၈